Geneva Conventions 75 YEARS THE ONE SET OF RULES WE ALL AGREE ON

ICRC



# ဂျီနီဗာသဘောတူညီချက်များ ၇၅နှစ် ပြည့်မြောက်ခြင်း

## အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့်အညီ ဆင်းရဲဒုက္ခများအား လျှော့ချရန်ဟူသည့် နိုင်ငံများ၏ တာဝန်ဝတ္တရားများ

> "ဂျီနီဗာသဘောတူညီချက်တွေက ကျွန်မတို့အားလုံးကို ဦးတည်တာဖြစ်တဲ့အတွက် ကျွန်မတို့အားလုံးက ကိုယ့်ကဏ္ဍကိုယ် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ စိတ်ဝင်စားမှုမရှိဘူးဆိုတဲ့အရာက ကျွန်မတို့ကို လွှမ်းမိုးနေတာကို ဒီအချိန်မှာ ခွင့်ပြုပေးဖို့က မဖြစ်နိုင်တော့ပါဘူး။"

**Mirjana Spoljaric**
အိုင်စီအာရ်စီဥက္ကဋ္ဌ

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)အား လေးစားလိုက်နာသည့်အခါ အသက်များကို ကယ်ဆယ်နိုင်သည့်အပြင် လူ့ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းထားနိုင်ပါသည်။ လွန်ခဲ့သည့်ရာစုနှစ်အတွင်း လူသားချင်းစာနာထောက်ထားမှု၏ အရေးကြီးဆုံး ပြီးမြောက်အောင်မြင်မှုများထဲက တစ်ခုဖြစ်သည့် ဂျီနီဗာသဘောတူညီချက်များသည် ၂၀၂၄ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့တွင် ၇၅နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ဤအရာက လက်နက်ကိုင်ပဋိပက္ခအတွင်း သန်းပေါင်းများစွာသောသူများကို အကာအကွယ်ပေးခဲ့ခြင်းအပေါ် ချီးကျူးဂုဏ်ပြုရန်၊ အနာဂတ်တွင်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို ဆုံးဖြတ်သွားရန်နှင့် လူထုအား စစ်ပွဲ၏ အန္တရာယ်များမှ အကာအကွယ်ပေးသွားရန် အရေးကြီးကြောင်းကို ကမ္ဘာတစ်ရပ်လုံးက အမှတ်ရနေစေမည့် အခွင့်အရေးတစ်ခု ဖြစ်ပါသည်။

၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များနှင့် ၎င်းတို့၏ ၁၉၇၇ခုနှစ် နောက်ဆက်တွဲသဘောတူညီချက်များ အပါအဝင် IHL သဘောတူစာချုပ်ဝင်နိုင်ငံများသည် IHL အား အပြည့်အဝ လေးစားလိုက်နာမှုရှိကြောင်းသေချာစေရန် ကိုယ်တိုင်ကိုယ်ကျ ကတိကဝတ်ပြုခဲ့ကြပါသည်။ ဤအရာမှာလည်း ခိုင်မာသည့် ပြည်တွင်းအစီအမံများအဖြစ် သဘောတူလက်ခံခြင်းဖြင့် ဖြစ်မြောက်အောင်မြင်နိုင်ပါသည်။ ဤကတိကဝတ်များတွင် IHL အား လိုက်နာကျင့်သုံးခြင်းကို အထောက်အကူဖြစ်စေမည့် ဥပဒေရေးဆွဲခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဥပဒေပြဌာန်းခြင်း၊ ဤဥပဒေများအား လက်နက်ကိုင်တပ်ဖွဲ့များနှင့် အရပ်သားပြည်သူများအားလုံး သိရှိစေရန် ဖြန့်ဝေခြင်းနှင့်အတူ IHL ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် ထိုချိုးဖောက်မှုများကို ကျူးလွန်သည်ဟု သံသယရှိသူများကို တရားစွဲဆိုသွားရန်တို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကိုယ်စားလှယ်ရုံးက ကြီးမှူးကျင်းပသည့် ဤပြပွဲသည် IHL ၏ အရေးကြီးပုံနှင့် ဆီလျော်သက်ဆိုင်ပုံတို့ကို အသိပညာမြှင့်တင်ရန် ရည်ရွယ်ပြီး အရပ်သားပြည်သူများနှင့် စစ်မက်ပြုရာတွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သူများအား အကာအကွယ်ပေးရန်ဟူသည့် ၎င်းတို့၏ အကာအကွယ်ပေးရေးဆိုင်ရာ ရည်ရွယ်ချက်ကို ကျေပွန်စေရန် IHL အား လေးစားလိုက်နာကြောင်းသေချာစေခြင်းဟူသည့် နိုင်ငံအစိုးရများ၏ တာဝန်များကို အဓိကအလေးပေး ဖော်ပြထားပါသည်။



၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့သည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ ဖွံ့ဖြိုးတိုးတက်လာမှုတွင် အရေးကြီးသည့် နေ့တစ်နေ့ဖြစ်ပါသည်။ ထိုနေ့တွင် ပထမဆုံးဂျီနီဗာသဘောတူညီချက် ၃ ခု တွင်ပါဝင်သည့် စာသားများကို ပြန်လည် စိစစ်တည်းဖြတ်ခဲ့ပြီး ပိုမိုကျယ်ပြန့်စေရန် ဆောင်ရွက်ခဲ့ကာ ယနေ့ကျွန်ုပ်တို့သိရှိထားသည့် အရပ်သားများကို အကာအကွယ်ပေးရန်ဟူသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စတုတ္ထမြောက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။



**ဆွစ်ဇာလန်။**

ဂျီနီဗာ၊ ရွေးကောက်ပွဲဆိုင်ရာအဆောက်အအုံ။
ဂျီနီဗာသဘောတူညီချက်ကို ပြန်လည်စိစစ်တည်းဖြတ်ရန်
သံတမန်အစည်းအဝေး ကျင်းပနေစဉ်။

ဓါတ်ပုံ - WASSERMANN, M.



# အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ နှင့် နိုင်ငံများ၏ တာဝန်

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေသည် လက်နက်ကိုင်ပဋိပက္ခဆောင်ရွက်ပုံကို ထိန်းညှိပေးပြီး ယင်း၏သက်ရောက်မှုများကို ကန့်သတ်ရန်ကြိုးပမ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ IHL ၏ အဓိကကိုယ်ထည်သည် စစ်ပွဲအတွင်း ဆင်းရဲဒုက္ခများကို ကန့်သတ်ရန် အရေးကြီးဆုံးသော စည်းမျဉ်းများပါဝင်သည့် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်း၏နောက်ဆက်တွဲ သဘောတူညီချက်များ နှင့် နိုင်ငံတကာသဘောတူစာချုပ်များ ဖြစ်ပါသည်။ ဤအရာများက အရပ်သားပြည်သူများ၊ ဆေးဘက်ဆိုင်ရာလုပ်သားများနှင့် ကယ်ဆယ်ကူညီရေးလုပ်သားများအပါအဝင် စစ်မက်ဖြစ်ပွားရာတွင် မပါဝင်သူများနှင့် ဒဏ်ရာရဖျားနာ၊ သင်္ဘောပျက်ရာတွင်ပါဝင်သည့် စစ်သည်များ၊ စစ်သုံ့ပန်းများနှင့် ပဋိပက္ခနှင့်ဆက်စပ်၍ ထိန်းသိမ်းခံထားရသူများ အစရှိသည့် တိုက်ပွဲတွင်ဆက်လက်ပါဝင်နိုင်ခြင်း မရှိတော့သူများကို အထူးသဖြင့် အကာအကွယ်ပေးပါသည်။

ဂျီနီဗာသဘောတူညီချက်များ၏ ပြဋ္ဌာန်းချက် အပိုဒ် ၁ အရ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့် နိုင်ငံများနှင့် အခြားအဖွဲ့များအားလုံး၏ အဓိကတာဝန်မှာ IHL အား လေးစားလိုက်နာရန်နှင့် လေးစားလိုက်နာမှုရှိကြောင်း သေချာစေရန်တို့ဖြစ်သည်။ ဤစည်းမျဉ်းများက IHL ချိုးဖောက်မှုများကို အဆုံးသတ်စေရန်နှင့် ထိုကိစ္စများ အပြန်ပြန်အလှန်လှန် ဖြစ်ပေါ်လာခြင်းမှ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် အစီအမံများကို တောင်းဆိုထားပါသည်။ ချိုးဖောက်မှုများကို တားဆီးကာကွယ်ရာတွင် တစ်ဦးတစ်ယောက်ချင်းစီ သို့မဟုတ် ဘက်ပေါင်းစုံပါဝင်သော လုပ်ထုံးလုပ်နည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတဆင့် စုပေါင်းဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်နိုင်ပါသည်။

ICRC သည် ဘက်လိုက်မှုမရှိဘဲ ကြားနေကာ ခွဲခြားမှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး ၎င်း၏ တစ်ခုတည်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းတာဝန်မှာ ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များမှ မြစ်ဖျားခံပါသည်။ ICRC သည် ကမ္ဘာတစ်ဝန်းရှိ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားသော အကြမ်းဖက်မှု အခြေအနေများကြောင့် ထိခိုက်ခံစားရသူများကို ကူညီလျက်ရှိပြီး ထိုသူများ၏ အသက်နှင့် ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ ထိခိုက်ခံစားရမှုများကို လျော့ပါးသက်သာစေရန် တတ်နိုင်သမျှ အရာအားလုံးကို ဆောင်ရွက်လျက်ရှိပြီး မကြာခဏဆိုသလို ယင်း၏ ကြက်ခြေနီနှင့်လခြမ်းနီ မိတ်ဖက်များဖြင့် အတူတကွ ဆောင်ရွက်ပါသည်။

**ယေရုရှလင်။**

၁၉၄၈ခုနှစ်တွင် ၂ရက်တာ ယာယီ အပစ်အခတ်ရပ်စဲစဉ်ကာလအတွင်း ICRC ကိုယ်စားလှယ်များသည် ရှေ့တန်းစစ်မျက်နှာပြင်ကို ဖြတ်သန်းပြီး ကတမွန် အနီးဝန်းကျင်ရှိ သတ်ဖြတ်ခံထားရသည့် တိုက်ပွဲဝင်စစ်သည်များ၏ ရုပ်အလောင်းများကို ကောက်ယူရန် သွားရောက်နေစဉ်။

ဓါတ်ပုံ - S.N.



၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ သံတမန်အစည်းအဝေးပွဲပြီးဆုံးချိန်တွင် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲ သဘောတူညီချက် ၂ ခုကို သဘောတူလက်ခံခဲ့ပါသည်။

ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်များသည် IHL တိုးတက်ပြောင်းလဲလာမှု၏ အထင်ကရ မှတ်တိုင်တစ်ခု ဖြစ်ပါသည်။ ထိုသဘောတူညီချက်များက နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခအတွင်း၌ဖြစ်စေ (နောက်ဆက်တွဲသဘောတူညီချက် ၁)၊ နိုင်ငံတကာမဟုတ်သည့်လက်နက်ကိုင်ပဋိပက္ခအတွင်း၌ဖြစ်စေ (နောက်ဆက်တွဲသဘောတူညီချက် ၂)၊ အရပ်သားပြည်သူများအပါအဝင် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအတွက် အကာအကွယ်ပေးရေးကို ပိုမိုအားကောင်းစေပါသည်။

**ဆွစ်ဇာလန်။**

ဂျီနီဗာ။ လက်နက်ကိုင်ပဋိပက္ခများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ဖွံ့ဖြိုးတိုးတက်လာစေရန် နှင့် အတည်ပြုရေးဆိုင်ရာ သံတမန်အစည်းအဝေး။

ဓါတ်ပုံ - KURZ, Jean-Jacques

အရပ်သားပြည်သူလူထုများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် အရာဝတ္ထုများဖြစ်သည့် အစားအစာ သိုလှောင်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာနေရာများ၊ ကောက်ပဲသီးနှံများ၊ သောက်သုံးရေနှင့် ဆည်မြောင်းစနစ်များအား အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေအရ အထူးအကာအကွယ်ပေးထားပါသည်။ အရပ်သားပြည်သူများ အစာရေစာ ပြတ်လပ်စေရန်အလို့ငှာ သို့မဟုတ် ၎င်းတို့အား မဖြစ်မနေရွှေ့ပြောင်းသွားစေရန် ရည်ရွယ်၍ အထက်ဖော်ပြပါ အရာများအား ထိခိုက်ပျက်စီးစေရန် ဆောင်ရွက်ခြင်းကို IHL က တားမြစ်ထားပါသည်။

မိုဇမ်ဘက်ခ်။

ကာဘိုဒယ်လ်ဂါဒိုပြည်နယ်၊ အီဘိုကျွန်း ကျန်းမာရေးဌာန။ ကလေးများ ရေသယ်နေစဉ်။

ဓါတ်ပုံ - LUCAS, DAPHNE



# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့

နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခဖြစ်စေ၊ နိုင်ငံတကာမဟုတ်သည့်လက်နက်ကိုင်ပဋိပက္ခဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ လိုအပ်မှုကို သိသိသာသာ မြင့်တက်စေပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုနှင့် အထောက်အပံ့များသည် အစားအစာနှင့် အစားအစာမဟုတ်သည့် ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများအားပေးဝေခြင်းထက် သာလွန်ပါသည်။ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများသည် ပိုမိုရှုပ်ထွေးစုံလင်သည့် လိုအပ်ချက်များ - ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အခြေခံနှင့် မရှိမဖြစ် အရေးကြီးသည့် ဝန်ဆောင်မှုများရရှိနိုင်ခြင်းတို့အပြင် ပဋိပက္ခနှင့် အကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုများမှ အကာအကွယ်ပေးခြင်း - ရှိနေပြီး ထိုလိုအပ်ချက်များကို အဖြေရှာဖြေရှင်းပေးရမည်။

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) အရ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့တစ်ဖွဲ့စီတိုင်းသည် ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိသည့် အရပ်သားပြည်သူများ၏ အခြေခံလိုအပ်ချက်များ ပြည့်မီနိုင်စေရန် အဓိကတာဝန်ရှိပါသည်။ ပဋိပက္ခနှင့်ဆက်နွှယ်လျက်ရှိသည့် အကြောင်းပြချက်များကြောင့် ထိုတာဝန်ကို မကျေပွန်နိုင်သည့်အချိန်တွင် ၎င်းတို့သည် ရှေ့တန်းမျက်နှာစာများ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ ယင်းလုပ်ငန်းများကို ကမ်းလှမ်းခွင့်ရှိသည့် ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများကို အားကိုးအားထားပြုနိုင်ပါသည်။ လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများသည် ယေဘုယျအားဖြင့် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များ၏ သဘောတူခွင့်ပြုမှုတွင် မူတည်ပါသည်။ ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီအစီအမံများကို သဘောတူခွင့်ပြုသည်နှင့် တပြိုင်နက် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များအပြင် ထိုလက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံတိုင်းကလည်း ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် လူထုကို ကယ်ဆယ်ရေး အကူအညီအစီအမံများ အလျင်အမြန်နှင့် အဟန့်အတားမရှိသွားရောက်နိုင်ရန် ခွင့်ပြုခြင်းဖြင့် ပံ့ပိုးကူညီသွားရမည်။ IHL သည် ဤကဲ့သို့ စစ်ဆင်ရေးများကို လွှမ်းမိုးလျက်ရှိသည့် အခြေအနေများတွင် ထိခိုက်ခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီများ ပေးဝေရာတွင် အထောက်အကူဖြစ်စေရန်ဟူသည့် ရှုထောင့်အရ အသေးစိတ် ပြင်ဆင်ချမှတ်ထားပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့နှင့်သက်ဆိုင်သည့် ဥပဒေမူဘောင်ကို ဂျီနီဗာ သဘောတူညီချက်များနှင့် ယင်း၏ ၁၉၇၇ခုနှစ် နောက်ဆက်တွဲ သဘောတူညီချက်များအပြင် ဓလေ့ထုံးတမ်း IHL တို့တွင် ရှာဖွေနိုင်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သွားရောက်နိုင်မှုနှင့် အထောက်အပံ့ဆိုင်ရာ IHL စည်းမျဉ်းများက ပဋိပက္ခတွင်ပါဝင်သည့် မည်သည့်ဘက်ကဖြစ်စေ ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို သဘောတူခွင့်ပြုရန် ငြင်းဆိုမှုသည် ထိုငြင်းဆိုခဲ့သည့်အဖွဲ့၏ ကိုယ်တိုင်ကတိပြုခဲ့သည့် လူထုနှင့်သက်ဆိုင်သည့် IHL ဆိုင်ရာ တာဝန်များကို ချိုးဖောက်ခြင်းဟူသည့် ရလဒ်ကို ပြည့်ဝန်နေပြီး IHL အရ သွားရောက်ခွင့်ကို တရားမဝင်ငြင်းပယ်ခြင်းနှင့် ညီမျှနိုင်ပါသည်။



နောက်ဆက်တွဲသဘောတူညီချက် ၁ နှင့် ၂ ၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်များသည် လူထုက ၎င်းတို့ အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်သည့် မရှိမဖြစ်အရေးကြီးသည့် ပစ္စည်းများ ပြတ်တောက်သွားချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို “လုပ်ကိုင်ဆောင်ရွက်ရမည်” ဟု ပြဋ္ဌာန်းပေးခြင်းဖြင့် ဥပဒေအရ တာဝန်ရှိကြောင်း ကို ရှင်းရှင်းလင်းလင်း ခိုင်ခိုင်မာမာဖော်ပြထားပါသည်။

**မြန်မာ။**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (**MRCS**) ၏ ဝန်ထမ်းတစ်ဦးနှင့် သူမ၏လုပ်ဖော်ကိုင်ဖက်များသည် ချင်းပြည်နယ်မှ နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများနှင့် စကားပြောနေစဉ်။ ထိုရပ်ရွာလူထုများသည် ရေရရှိရေးတွင် ရတတ်အေးစေမည့် ရေမော်တာများနှင့် လောင်စာဆီများ ရရှိခဲ့ပါသည်။

ဓါတ်ပုံ - S.N.



လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားခဲ့ရသည့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အိုမင်းမစွမ်းသူများသည် အထူးအလေးထားလေးစားပြီး ကာကွယ်စောင့်ရှောက်ပေးရမည့်သူများ ဖြစ်ပါသည်။

**အာဖဂန်နစ္စတန်။**

ကာဘူးလ်၊ ICRC ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန။ အမျိုးသားတစ်ဦးသည် ခြေတုဖြင့် လမ်းလျှောက်နိုင်ရန် လေ့ကျင့်နေစဉ်။

ဓါတ်ပုံ - SERIEX, FLORIAN BASTIAN



IHL အရ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများသည် စိတ်ကျေနပ်ဖွယ်ကောင်းသည့် နေထိုင်ရန် အမိုးအကာ၊ သန့်ရှင်းရေး၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် အာဟာရဆိုင်ရာ အခြေအနေများ ရရှိနိုင်ရမည်ဖြစ်ပြီး တစ်မိသားစုတည်းရှိ မိသားစုဝင်များအား ကွဲကွာသွားစေခြင်းမျိုး မဖြစ်စေရပါ။

**အီရတ်။**

ဘက်ဂ်ဒက်ဒ်။ ကလေးများ ယာယီကစားကွင်းအတွင်း ဆော့ကစားနေစဉ်။ နိုင်ငံ၏အခြားသောနေရာများတွင် ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုများမှ ရှောင်တိမ်းလာသည့် အီရတ်လူမျိုး နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများအတွက် ဇက်ဖ်ရာနီးယားသည် ခိုလှုံရာ နေရာတစ်ခု ဖြစ်လာပါသည်။

ဓါတ်ပုံ - OU, ED



တိုက်ပွဲများပြီးဆုံးချိန်တွင် မြေမြှုပ်မိုင်းများကို အသုံးပြုခဲ့သည့် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် ထိုမြေမြှုပ်မိုင်းများကို ပြန်လည်ဖယ်ရှားခြင်း သို့မဟုတ် တနည်းနည်းဖြင့် အရပ်သားပြည်သူများအပေါ် ထိခိုက်အန္တရာယ် မရှိစေရန်ဆောင်ရွက်ခြင်း သို့မဟုတ် ထိုမြေမြှုပ်မိုင်းများကို ဖယ်ရှားရာတွင် ပံ့ပိုးကူညီခြင်းတို့ကို လုပ်ဆောင်ရမည်။

**မြန်မာ။**

မန္တလေးရှိ ICRC အဖွဲ့က ကလေးများအတွက် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာနှင့် ဘေးကင်းစေရေးအမူအကျင့်များ အသိပညာပေးပွဲတွင် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၏ အန္တရာယ်ကို ရှင်းပြပြီး ပဋိပက္ခဘေးခံစားနေရသည့် ဒေသများတွင် ဘေးကင်းစွာ နေထိုင်နိုင်စေရန် ပံ့ပိုးကူညီခဲ့ပါသည်။

ဓါတ်ပုံ - TUN, Aye Sandar



လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီသည် ဝိသေသလက္ခဏာအားဖြင့် ခွဲခြားမှုမရှိသည့်အပြင် အခြားမကောင်းသည့် ရည်ရွယ်ချက်များ မပါဝင်ဘဲ ဆောင်ရွက်ခဲ့မည်ဆိုပါက ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည့် အကူအညီလိုအပ်နေသည့် အရပ်သားပြည်သူများထံသို့ ယင်းအကူအညီများ ရောက်ရှိနိုင်စေရန် ခွင့်ပြုပေးရမည်ဖြစ်ပြီး အလျင်အမြန်နှင့် အတားအဆီးမရှိ ပေးအပ်နိုင်စေရန် ပံ့ပိုးကူညီပေးရမည်။

**ကွန်ဂို။**

တိုက်ပွဲများမှ တိမ်းရှောင်လာသည့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများအား ICRC က အစားအစာများ ပေးဝေရန် စီစဉ်နေစဉ်။

ဓါတ်ပုံ - WANDIMOYI, ALAIN

# ဖမ်းဆီးထိန်းသိမ်းခြင်း

နေ့စဉ်နေ့တိုင်း ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခအခြေအနေများတွင် အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးများသည် ဖမ်းဆီးထိန်းသိမ်းခံနေရပြီး လွတ်လပ်မှုများ ဆုံးရှုံးလျက်ရှိပါသည်။ လွတ်လပ်မှုများ ဆုံးရှုံးခြင်း - ဖမ်းဆီးထိန်းသိမ်းခံရခြင်း - သည် လက်နက်ကိုင်ပဋိပက္ခတွင် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည့်အပြင် တရားဝင်သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပြီး ဤအရာကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (IHL) ၏ မြောက်မြားစွာသော ပြဋ္ဌာန်းချက်များက ထိန်းချုပ်ထားပါသည်။ IHL အရ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် ၎င်းတို့၏ လက်ဝယ်တွင် ဖမ်းဆီးထိန်းသိမ်းထားသည့် အကျဉ်းသားများကို လူသားဆန်စွာ ဆက်ဆံကြောင်း သေချာစေရမည် ဖြစ်ပြီး ယုတ္တိမတန်သည့် ထိန်းသိမ်းမှုများကို တားမြစ်ပါသည်။

တတိယဂျီနီဗာသဘောတူညီချက်သည် စစ်သုံ့ပန်းများအတွက် ကြီးမားကျယ်ပြန့်စုံလင်သည့် အကာအကွယ်များကို ပေးအပ်ထားပါသည်။ စစ်သုံ့ပန်း (POWs) ဟုဆိုရာတွင် နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များ၏ လက်နက်ကိုင်တပ်ဖွဲ့များထဲမှ ဆန့်ကျင်ဘက်အဖွဲ့၏ လက်တွင်းသို့ ကျရောက်သွားသည့် တပ်ဖွဲ့ဝင်များကိုသာ စစ်သုံ့ပန်းဟူသည့် အဆင့်အတန်းကို သတ်မှတ်ပေးပါသည်။ ထိုအဆင့်အတန်းက ၎င်းတို့၏ အခွင့်အရေးကို သတ်မှတ်ပြဋ္ဌာန်းပေးပြီး ၎င်းတို့အား ပြုမူဆက်ဆံပုံနှင့် အဆုံးသတ်တွင် လွတ်ငြိမ်းခွင့်ပြုရန် အသေးစိတ်စည်းမျဉ်းများကို ချမှတ်ပေးပါသည်။ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့်သက်ဆိုင်သည့် IHL ၏ အခြေခံ သဘောတရားနှင့် စည်းမျဉ်းများသည် နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခ (IAC) နှင့် နိုင်ငံတကာမဟုတ်သည့်လက်နက်ကိုင်ပဋိပက္ခ (NIAC) နှစ်ရပ်လုံးတွင် အကျုံးဝင်သက်ဆိုင်သည့်အပြင် လက်နက်ကိုင်ပဋိပက္ခကြောင့် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများကို အကာအကွယ်ပေးပါသည်။

IHL အရ နိုင်ငံအစိုးရများသည် နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခများတွင် ICRC အား စစ်သုံ့ပန်းများကို ထိန်းသိမ်းထားသည့် အကျဉ်းထောင်များနှင့် ၎င်းတို့အကာအကွယ်ပေးထားသည့် အရပ်သားပြည်သူများထံသို့ သွားရောက်နိုင်ရန် ခွင့်ပြုပေးရမည်။ နိုင်ငံတကာမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခတွင် ICRC သည် IHL အရ ယင်း၏အစပြုကမ်းလှမ်းနိုင်ခွင့်အပေါ် အခြေခံကာ အကျဉ်းသားများထံသို့ သွားရောက်လေ့လာလည်ပတ်နိုင်ပြီး ထိုသို့ဆောင်ရွက်ရန် နိုင်ငံအစိုးရသို့မဟုတ် အခြားသက်ဆိုင်သည့် အဖွဲ့များ၏ သဘောတူခွင့်ပြုချက်ရှိရန် လိုအပ်ပါသည်။ ICRC ၏ အကျဉ်းထောင်အကျဉ်းစခန်းများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းသည် ထိုနေရာများ၏ အခြေအနေနှင့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံတို့ကို စောင့်ကြည့်လေ့လာနိုင်စေပြီး အကျဉ်းထောင်တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက်တွေ့ဆုံကာ အတွင်းရေးကိစ္စအဖြစ်ထိန်းသိမ်းထားရှိသည့် ဆွေးနွေးမှုပုံစံဖြင့် အကြံပြုချက်များကို ပေးအပ်နိုင်ရန် ခွင့်ပြုပေးပါသည်။

ဂျီနီဗာသဘောတူညီချက်များနှင့် ၎င်း၏နောက်ဆက်တွဲသဘောတူညီချက်များက အပ်နှင်းထားသည့် ICRC ၏ ထူးခြားသည့် လုပ်ငန်းတာဝန်သည် အခြားသူများသွားရောက်နိုင်ခြင်းမရှိသည့် အကျဉ်းသားများနှင့် စစ်သုံ့ပန်းများအား ထိန်းသိမ်းထားရှိရာ နေရာများသို့ သွားရောက်နိုင်ရန် ခွင့်ပြုပေးပါသည်။ ဤအရာက ကျွန်ုပ်တို့ကို ထိန်းသိမ်းခံထားရသူများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရန်နှင့် ၎င်းတို့အား အလေးထားပြီး လူ့ဂုဏ်သိက္ခာနှင့်အညီ လူသားဆန်စွာ ပြုမူဆက်ဆံကြောင်း သေချာစေရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ထောက်ကူပါသည်။



အကျဉ်းသားများအား ၎င်း၏ မိသားစုများနှင့် စာပေးစာယူလုပ်နိုင်ရန် နှင့် မိသားစုထောင်ဝင်စာတွေ့ဆုံနိုင်ရန် ခွင့်ပြုပေးရမည်။

**ဖိလစ်ပိုင်။**

လာဂူနာ၊ ဒေသဆိုင်ရာ ထောင်တွင်း တီဘီလူနာဆောင်။ အမျိုးသမီးတစ်ဦးသည် တီဘီရောဂါခံစားနေရသည့် သူမ၏ အမျိုးသားထံသို့ ထောင်ဝင်စာလာရောက်တွေ့ဆုံနေစဉ်။

ဓါတ်ပုံ - AZNAR, Jes



လွတ်လပ်ခွင့်ဆုံးရှုံးနေသူများကို သင့်တော်လုံလောက်သည့် အစားအစာ၊ ရေ၊ အဝတ်အထည်၊ နေထိုင်ရန် အမိုးအကာနှင့် ဆေးကုသမှုဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးရမည်။ ၎င်းတို့အား မည်သည့်ပုံစံဖြင့်မဆို အကြမ်းဖက်ခြင်းမှ အကာအကွယ်ပေးထားသည့်အပြင် ခြိမ်းခြောက်ခြင်း၊ ရိုင်းပြစွာပြုခြင်း နှင့် လူသိရှင်ကြားဖြစ်စေရန်ပြုခြင်းတို့မှ အကာအကွယ်ပေးထားသည်။

ICRC ၏ အကျဉ်းသားနှင့်တွေ့ဆုံမေးမြန်းခြင်းများသည် လူသားချင်းစာနာထောက်ထားမှု သက်သက်ကိုသာ အဓိကထားပါသည်။ အကျဉ်းသားများ၏ အခြေအနေနှင့် ၎င်းတို့အပေါ် ပြုမူဆက်ဆံပုံများကို သိရှိပြီး အကျဉ်းထောင်၏ တာဝန်ရှိသူများအား နှစ်ဦးနှစ်ဖက်တွေ့ဆုံကာ အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိသည့် အကြံပြုချက်များကို ပေးအပ်ကာ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**ဆိုမာလီယာ။**

ဘော့စ်စာဆို အကျဉ်းထောင်။ ICRC ကိုယ်စားလှယ်တစ်ဦးက အကျဉ်းသားတစ်ဦးဖြင့် သက်သေမထားဘဲ တွေ့ဆုံမေးမြန်းနေစဉ်။

ဓါတ်ပုံ - YAZDI, Pedram

စစ်သုံ့ပန်းများကို အကာအကွယ်ပေးထားသည့် စည်းမျဉ်းများသည် တိကျပြီး ၁၉၂၉ခုနှစ် ဂျီနီဗာ သဘောတူညီချက်တွင် ပထမဆုံး အသေးစိတ်ဖော်ပြထားပါသည်။ ဒုတိယကမ္ဘာစစ်တွင် ရရှိခဲ့သည့် နမူနာများကို သင်ခန်းစာယူကာ ယင်းစည်းမျဉ်းများကို ၁၉၄၉ခုနှစ် တတိယဂျီနီဗာသဘောတူညီချက်တွင် မွမ်းမံပြင်ဆင်ခဲ့သည့်အပြင် ၁၉၇၇ခုနှစ် နောက်ဆက်တွဲ သဘောတူညီချက် ၁ တွင်လည်း ထပ်မံ မွမ်းမံပြင်ဆင်ခဲ့ပါသည်။



**မြန်မာ။**

ဒုတိယကမ္ဘာစစ်အတွင်း၊ ပဲခွယ်ကုန်းဒေသ။
ဂျပန်စစ်သုံ့ပန်းများအား ဖမ်းဆီးမိပြီး အချိန်တိုအတွင်းမှာပင် ထမင်းကျွေးနေစဉ်။

ဓါတ်ပုံ - ICRC မှတ်တမ်းမော်ကွန်းမှ (ARR)




IHL အရ အကျဉ်းသားများကို ထိန်းသိမ်းရာတွင် တိုက်ခိုက်မှုများ ဆောင်ရွက်လျက်သည့် နေရာများနှင့် ဝေးကွာသည့်နေရာများတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ၎င်းတို့၏ ကျန်းမာရေးနှင့် သန့်ရှင်းရေးကို အကာအကွယ်ပေးရမည်။

**ဖိလစ်ပိုင်။**

မနီလာ။ တီဘီတိုက်ဖျက်ရေးမှရရှိလာသည့် လေ့လာတွေ့ရှိချက်များသည် ကိုဗစ်-၁၉ကပ်ရောဂါ ဒဏ်ခံခဲ့ရသည့် အကျဉ်းထောင်အဆောက်အအုံများကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်ခဲ့သည်။

ဓါတ်ပုံ - AZNAR, Jes

အကျဉ်းသားများအား ၎င်းတို့၏ မိသားစုများနှင့် စာပေးစာယူပြုလုပ်နိုင်ရန် ခွင့်ပြုပေးခြင်းသည် IHL တွင်ပါဝင်သည့် မိသားစုဘဝကို အလေးထားလေးစားခြင်းဆိုင်ရာ လိုအပ်ချက်နှင့် ကိုက်ညီသည်။

အကျဉ်းထောင်အကျဉ်းစခန်းများသို့ **ICRC** အား သွားရောက်ခွင့်ပြုခြင်းသည် အကျဉ်းထောင် အခြေအနေများကို စိစစ်ခြင်းနှင့် အကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုများအကြား အဆက်အသွယ် ပြန်လည် ရရှိစေခြင်းတို့ ဆောင်ရွက်နိုင်ရန် အခွင့်ပေးသည်။



**ဘင်္ဂလားဒေ့ရှ်။ မြန်မာ။**

ICRC နှင့် ဘင်္ဂလားဒေ့ရှ် လခြမ်းနီအသင်းတို့သည် မြန်မာနိုင်ငံမှ ရောက်ရှိလာသော မိသားစုများက အဆက်သွယ်ပြတ်တောက်လျက်ရှိသည့် ၎င်းတို့၏ ဆွေမျိုးများအား ခြေရာခံရှာဖွေပေးပါရန် တောင်းဆိုသည့် တောင်းဆိုချက်များကို ရေးမှတ်ဖြည့်သွင်းနေစဉ်။

ဓါတ်ပုံ - SIRCAR, Rufas Rafi

**ICRC** သည် အကျဉ်းထောင်တာဝန်ရှိသူများ၊ နိုင်ငံတော် သို့မဟုတ် ဒေသတွင်း ကျန်းမာရေးတာဝန်ရှိသူများနှင့် အနီးကပ်ပူးပေါင်းကာ အကျဉ်းသားများအတွက် သင့်တော်လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ခြင်း ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အစီအမံများတွင် အကျဉ်းသားများအား ပထမ ကနဦးရောက်ရှိသည့်အချိန်တွင် ကျန်းမာရေးစစ်ဆေးမှု ခံယူနိုင်ကြောင်း သေချာစေရန်၊ သင့်တော်လုံလောက်သည့် ဆေးဘက်ဆိုင်ရာလုပ်ငန်းစဉ်များကို ခိုင်မာစေရန်နှင့် အကျဉ်းထောင်တွင်း ဆေးခန်းများကို လိုအပ်သည့်ပစ္စည်းကိရိယာများ ပံ့ပိုးသွားရန်တို့ ပါဝင်ပါသည်။



**မာလီ။**

စီကာစ်ဆို၊ အကျဉ်းစခန်း။ ICRC က ပံ့ပိုးကူညီသည့် ဝဲရောဂါအမြစ်ဖြတ်တိုက်ဖျက်ရေးလှုပ်ရှားမှု။ အကျဉ်းသားများ၏ ပိုင်ဆိုင်မှုများနှင့် အဝတ်အထည်များကို ပိုးသတ်နေစဉ်။

ဓါတ်ပုံ - OUMAR KANE, Alpha Macky



# ပျောက်ဆုံးနေခြင်း

မိသားစုများ ကွဲကွာသွားခြင်းဟူသည့် ကိစ္စရပ်သည် သွင်ပြင်ရှုထောင့် မျိုးစုံရှိပြီး ရှုပ်ထွေးပါသည်။ ချစ်ခင်ရသူတစ်ဦး မည်သို့မည်ပုံရှိသည်ကို သိရှိနိုင်မှုမရှိခြင်းက မိသားစုများကို မသေချာမှုများနှင့် စိုးရိမ်ပူပန်မှုများ အမြဲတမ်း ဖြစ်ပေါ်စေပါသည်။

**ဂွါတီမာလာ။**

၁၉၈၂ခုနှစ်တွင် ပဋိပက္ခကြောင့် ပျောက်ဆုံးသွားခဲ့သည့် ကလေးတစ်ဦးကို ၂၆ နှစ်အကြာတွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သူ၏ မိသားစုထံသို့ ပြန်လည် ပို့ဆောင်ပေးခဲ့စဉ်။

ဓါတ်ပုံ - MOLINA, Carla

ပဋိပက္ခ၊ ထိန်းသိမ်းခံရခြင်း၊ သဘာဝဘေးအန္တရာယ် နှင့် အခြား ရွှေ့ပြောင်းသွားလာမှုများကြောင့် မိသားစုများ ကွဲကွာသွားကြပြီး အချို့သောသူများ ပျောက်ဆုံးသွားကြသလို သေဆုံးသွားသူများ၏ ရုပ်အလောင်းများမှာလည်း မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်နိုင်ခြင်းမရှိဘဲ ယင်းတို့၏ မိသားစုများထံသို့ လုံးလုံး ပြန်လည်ရောက်ရှိနိုင်ခြင်း မရှိဘဲ ဖြစ်နေကြပါသည်။

လက်နက်ကိုင်ပဋိပက္ခတွင် စစ်မက်ပြုလျက်ရှိသည့်အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (IHRL) နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) တို့အရ လူပုဂ္ဂိုလ်များ ပျောက်ဆုံးသွားခြင်း မရှိကြောင်း သေချာစေရန် အစီအမံများချမှတ်ရန် လိုအပ်ပါသည်။ အကယ်၍ ပျောက်ဆုံးသွားသူများ ရှိခဲ့ပါက အဖွဲ့များအနေဖြင့် ထိုသူများ၏ ကံကြမ္မာနှင့် ဘယ်ဆီဘယ်ဝယ်တွင် ရောက်ရှိနေကြောင်းကို သေချာစေရမည်ဖြစ်ပြီး ထိုသူများ၏ မိသားစုများကို အကြောင်းကြားမှု ရှိကြောင်း သေချာစေရန် ဖြစ်နိုင်သမျှ အစီအမံများ အားလုံးကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

ပဋိပက္ခဖြစ်ပွားနေချိန်တွင် လူပုဂ္ဂိုလ်များ ပျောက်ဆုံးသွားခြင်းမှ တားဆီးကာကွယ်ရန် အစီအမံများကို ထားရှိနိုင်သည်။ အကယ်၍ တိုက်ပွဲဝင်စစ်သည်များ အားလုံးသည် ဥပမာအားဖြင့် မည်သူမည်ဝါဖြစ်ကြောင်းပါဝင်သည့် သင့်တော်မှန်ကန်သည့် စာရွက်စာတမ်းများကို သယ်ဆောင်ခြင်းက ၎င်းတို့၏ကံကြမ္မာကို မှတ်တမ်းကျန်ရှိ စေနိုင်သည်။ သေဆုံးမှုအားလုံးကို စာရင်းသွင်းထားပြီး မြှုပ်နှံသင်္ဂြိုလ်ခြင်း သို့မဟုတ် ရုပ်အလောင်းများ ကျန်ကြွင်းတည်ရှိသည့်နေရာများနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်။ ထိန်းသိမ်းထားသည့် သို့မဟုတ် ဖမ်းဆီးရရှိသည့် လူပုဂ္ဂိုလ်များနှင့်ဆိုင်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။

လူပုဂ္ဂိုလ်များ ပျောက်ဆုံးသွားခြင်းမှ တားဆီးကာကွယ်ရန်၊ တစ်ဦးတစ်ယောက်ချင်းစီနှင့် ၎င်းတို့၏ မိသားစုဝင်များအကြား အဆက်အသွယ်ပြန်လည်ရရှိနိုင်ရန်နှင့် အဆက်အသွယ်မပြတ်ထိန်းသိမ်းထားရှိနိုင်စေရန်၊ ပျောက်ဆုံးနေသူများအား ရှာဖွေရန်၊ သေဆုံးသွားသူများ၏ ဂုဏ်သိက္ခာအား အကာအကွယ်ပေးရန်၊ မိသားစုများ၏ လိုအပ်ချက်များအား ပံ့ပိုးကြောင်း သေချာစေရန်နှင့် ဤကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်လျက်ရှိသည့် တာဝန်ရှိသူများနှင့် အခြားအဖွဲ့များအား ပံ့ပိုးကူညီနိုင်ရန် ICRC သည် အထူးသဖြင့် ၎င်း၏ ဗဟိုလူပျောက်ရှာဖွေရေးအေဂျင်စီမှတဆင့် ပါဝင်ကူညီနိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။ ထို့ပြင် ICRC သည် မိသားစုအဆက်အသွယ်များ ကွန်ရက်အတွင်းရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ အကြား ညှိနှိုင်းရာတွင်လည်း ထောက်ပံ့ကူညီပါသည်။



**ဘင်္ဂလားဒေ့ရှ်။**

ဗဟိုလူပျောက်ရှာဖွေရေးအေဂျင်စီမှ စာများပါဝင်သည့် အိတ်များကို လက်ခံရရှိစဉ်။

ဓါတ်ပုံ - S.N.

ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များသည် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်ကြောင့် ပျောက်ဆုံးသွားသည်ဟု မှတ်တမ်းတင်ခံထားရသည့် လူပုဂ္ဂိုလ်များအတွက် ရှင်းပြရန်ဖြစ်နိုင်သည့် အစီအမံများ အားလုံးကို ဆောင်ရွက်ပြီး ၎င်းတို့၏ ကံကြမ္မာနှင့် သက်ဆိုင်သည့် ရရှိထားသည့် သတင်းအချက်အလက် မည်သည်ကိုမဆို ၎င်းတို့၏ မိသားစုဝင်များအား ပေးအပ်ရမည်။

ပျောက်ဆုံးသွားသူများ၏ မိသားစုများသည် တရားရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအပြင် အခြားသောအရာများ အပါအဝင် ဘက်ပေါင်းစုံမှ လိုအပ်ချက်မျိုးစုံ ရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံအစိုးရများသည် ပျောက်ဆုံးသွားသူနှင့် ၎င်းတို့၏မိသားစုဝင် နှစ်ဘက်လုံးကို တရားရေးဆိုင်ရာ အဆင့်အတန်းတစ်ခု ပေးအပ်ရမည်။ ဤအရာသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဖြစ်တည်မှုကို တရားဝင် ဆက်လက်တည်ရှိစေခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးနှင့် ထိုသူများ၏ ဆွေမျိုးများ၏ အခွင့်အရေးများ (ဥပမာ - အရပ်သား၊ မိသားစု၊ ပိုင်ဆိုင်မှုနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများ) ကို အကာအကွယ်ပေးခြင်းအား သေချာစေသည့် အဓိကအချက်ဖြစ်သည်။



ဂျီနီဗာသဘောတူညီချက်များကို အမြတ်တနိုးထိန်းသိမ်းကာ ဗဟိုလူပျောက်ရှာဖွေရေးအေဂျင်စီသည် **ICRC** အတွင်း အမြဲတမ်းတည်ရှိသည့် ဖွဲ့စည်းပုံ တစ်ခုဖြစ်ပြီး ပဋိပက္ခများတွင်ပါဝင်သည့် အဖွဲ့များကို ထောက်ပံ့ကူညီကာ ကြားခံအဖွဲ့အစည်းအဖြစ် သတင်းအချက်အလက်များကို စုဆောင်းပြီး ထပ်ဆင့်ပေးပို့ခြင်းဖြင့် မိသားစုများ ကွဲကွာသွားခြင်းနှင့် ပျောက်ဆုံးသွားခြင်းကို တားဆီးကာကွယ်ပါသည်။

**ဘော့စ်နီးယား နှင့် ဟာဇီဂိုးဗီးနား။**

ပျောက်ဆုံးသွားသူများ၏ ဓါတ်ပုံများကို မိသားစုဝင်များ ကြည့်ရှုနေစဉ်။

ဓါတ်ပုံ - BARRY, Jessica

IHL အရ မိသားစုများသည် ပျောက်ဆုံးသွားသော ၎င်းတို့မိသားစုဝင်များ၏ ကံကြမ္မာနှင့် ဘယ်ဆီဘယ်ဝယ်တွင် ရောက်ရှိနေကြောင်းကို သိရှိနိုင်ခွင့် ရှိပါသည်။

**ကမ္ဘောဒီးယား။ ထိုင်း။**

နှုန်ဝ်ချန် ဒုက္ခသည်စခန်းရှိ ICRC ဗဟိုလူပျောက်ရှာဖွေရေးအေဂျင်စီ၏ ကြော်ငြာဆိုင်းဘုတ်။

ဓါတ်ပုံ - GASSMANN, Thierry



IHL အရ နိုင်ငံအစိုးရများသည် လူပုဂ္ဂိုလ်များပျောက်ဆုံးသွားခြင်းမှ တားဆီးကာကွယ်ရန် အရေးကြီးသည့် အစီအမံ အမျိုးမျိုးကို ထားရှိရမည်။

**ဆိုက်ပရက်စ်။**

ICRC သည် တိုက်ပွဲအတွင်း ပျောက်ဆုံးသွားသည့် စစ်သည်များ၊ မူလနေရပ် သို့မဟုတ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာသူများနေထိုင်ရာ စခန်းများတွင် ရှာဖွေတွေ့ရှိခြင်း မရှိသည့် အရပ်သားပြည်သူများ နှင့် အကျဉ်းထောင်အကျဉ်းစခန်းများတွင် ထိန်းသိမ်းခံထားရသည့် အကျဉ်းသားများကို ရှာဖွေခြင်း တို့အား ဆောင်ရွက်ခဲ့ပါသည်။

ဓါတ်ပုံ - VATERLAUS, Max





ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် သေဆုံးသွားသူများ၏ မိသားစုများ၏ ဓလေ့ထုံးတမ်း နှင့် ယုံကြည်ချက်များနှင့်အညီ တောင်းဆိုသည့် တောင်းဆိုချက်များအပေါ် မူတည်ကာ သေဆုံးသွားသူများ၏ ကျန်ရှိသည့် ရုပ်ကြွင်းများကို ပြန်လည်ပေးအပ်ရာတွင် လွယ်ကူချောမွေ့ စေရန် ကြိုးပမ်းရမည်။

**ဂွါတီမာလာ။**

ဂွါတီမာလာရှိ ICRC သည် ချစ်ခင်ရသူများ ပျောက်ဆုံးလျက်ရှိသည့် မိသားစုများကို ပံ့ပိုးကူညီနေသည့် ဒေသခံအဖွဲ့အစည်းများကို ကူညီပေးပါသည်။ ထိုအဖွဲ့အစည်းများသည် ရုပ်အလောင်းများ ကို တူးဖော်ပေးပြီး မိသားစုများက ထိုရုပ်အလောင်းများကို ဂုဏ်သိက္ခာနှင့်အညီ သင်္ဂြိုလ်ရာတွင် ပံ့ပိုးကူညီပါသည်။

ဓါတ်ပုံ - MOLINA, Carla

# လက်နက်ကိုင်ပဋိပက္ခများအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအား အကာအကွယ်ပေးခြင်း

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေ (IHL) အရ ဆေးဘက်ဆိုင်ရာအဖွဲ့များ၊ ဆေးရုံများနှင့် လူနာတင်ယာဉ်များကို တိုက်ခိုက်ခြင်းများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကို စစ်ဘက်ဆိုင်ရာစွက်ဖက်ခြင်းတို့မှ အထူးအကာအကွယ်ပေးထားသည်။ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် ဆေးဘက်ဆိုင်ရာအဆောက်အအုံများ၊ ဆေးဘက်ဆိုင်ရာပို့ဆောင်ရေးနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ၎င်းတို့၏ ဆေးဘက်ဆိုင်ရာလုပ်ငန်းသက်သက်ကို ဆောင်ရွက်ရာတွင် အလေးထားလေးစားပြီး ဒဏ်ရာရသူနှင့် ဖျားနာနေသူများကို ကုသမှုပေးအပ်လျက်ရှိသည့် ၎င်းတို့၏လုပ်ငန်းတွင် လွန်လွန်ကျူးကျူး ဝင်ရောက်စွက်ဖက်ခြင်းများ မပြုရပါ။

အရင်းအမြစ်များကန့်သတ်ချက်ရှိနေသည့် အခြေအနေများမှာပင် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် ဒဏ်ရာရသူနှင့် ဖျားနာနေသူများကို ဖြစ်နိုင်သမျှ အကောင်းဆုံးနှင့် အမြန်ဆုံး စောင့်ရှောက်မှုပေးအပ်နိုင်ရန်ဟူသည့် ယင်းတို့၏အကောင်းဆုံး ကြိုးပမ်းအားထုတ်မှုများကို အောင်မြင်အောင် ဆောင်ရွက်ရမည်။ ဤတွင် ဒဏ်ရာရသူနှင့် ဖျားနာနေသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်း မရှိသည့်အချိန်တွင် ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် ခွင့်ပြုပေးခြင်း၊ ထိုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီချက်ကို စိတ်ထင်သည့်အတိုင်း ငြင်းပယ်မှု မပြုရန်တို့ ပါဝင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခ အခြေအနေများတွင် စစ်ဘက်မှဖြစ်စေ၊ အရပ်ဘက်မှဖြစ်စေ ဒဏ်ရာရရှိထားသူများနှင့် ဖျားနာပြီး ဆေးကုသမှုခံယူရန် လိုအပ်နေသည့် မည်သူကိုမဆို ခွဲခြားမှုမရှိဘဲ ပြုစုစောင့်ရှောက်ပေးရမည်။

**ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ။**

ကီဘူး၏ မြောက်ပိုင်းဒေသ၊ ဝါလီခ်လဲဒေသရှိ တစ်ခုတည်းသောဆေးရုံရှိ ခွဲစိတ်ဆရာဝန်အဖွဲ့။

ဓါတ်ပုံ - YBARRA ZAVALA, Alvaro





နိုင်ငံတကာဥပဒေနှင့်အညီ ဂျီနီဗာသဘောတူညီချက်တွင်ပါဝင်သည့် သိသာထင်ရှားသည့် အမှတ်အသားကို ချိတ်ဆွဲထားသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို ဦးတည်သည့် တိုက်ခိုက်ခြင်းများကို တားမြစ်သည်။

**ဂါဇာ၊ အစ္စရေးနှင့် ၎င်းထိန်းချုပ်ထားရာ နယ်မြေများ။**

ဓါတ်ပုံ - GLASS, Thomas





လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် အလွန်အရေးကြီးသည့် အဆောတလျင်စောင့်ရှောက်မှုများကို ပေးအပ်ခြင်းသည် လူမှုအသိုင်းအဝိုင်းအတွက် အရေးကြီးသည့် အခြေခံအဆောက်အအုံများ ပြိုလဲပျက်စီးသွားချိန်တွင်များစွာပို၍ ခက်ခဲလာပါသည်။ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များသည် ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများအား တိုက်ခိုက်ခြင်း၊ ထိုအဆောက်အအုံများအတွင်းသို့ လက်နက်ကိုင်၍ ဝင်ရောက်ခြင်းနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်အတွက် တလွဲအသုံးပြုခြင်းများမှ အထူးသဖြင့် အကာအကွယ်ပေးပါမည် ဟူသည့် သဘောတူညီချက်၏ အနှစ်သာရနှင့် စည်းကမ်းကို ထိန်းသိမ်းရမည်။

**ဆီးရီးယား။**

ဆီးရီးယားအရှေ့မြောက်၊ အယ်လ် ဟက်စ်စကာ ဂါဗာနိုရာတီ၊ အယ်လ် ဟိုလ် ဒေသတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ နေထိုင်ရာစခန်း၊ လက်တွေ့မြေပြင်ဆေးရုံ။ ပုံတွင်ပါဝင်သည့် အမျိုးသမီးသည် သားဖွားဆရာမတစ်ဦးဖြစ်ပြီး သူမသည် လက်တွေ့မြေပြင်ရှိ ဆေးရုံတွင် ပထမဆုံးအနေဖြင့် သမီးမိန်းကလေးငယ် တစ်ဦးကို မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပါသည်။

ဓါတ်ပုံ - MORTVEDT, MARI AFTRET



ဆေးရုံများနှင့် ပဋိပက္ခများအတွင်း အသက်ကယ်လုပ်ငန်းများဆောင်ရွက်နေသည့် အခြား ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်မှုများမှ ကင်းလွတ်ခွင့်ပေးရမည်။ IHL သည် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများအား အလေးထားလေးစားပြီး အချိန်တိုင်းတွင် အကာအကွယ်ပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခြင်းဖြင့် ထိုအဆောက်အအုံများကို အထူးအကာအကွယ်ပေးထားပါသည်။ ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် ဆေးအဖွဲ့များ (ဆေးရုံများအပါအဝင်) အား အထူး အကာအကွယ်ပေးခြင်းကို ၎င်းတို့က ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်း၏ ပြင်ပဖြစ်သည့် တိုက်ခိုက်မှုဆိုင်ရာ အပြုအမူများ ကျူးလွန်မှု မပြုမခြင်း ရုပ်သိမ်းခြင်း မပြုရပါ။

**မိုဇမ်ဘက်ခ်။**

ကာဘို ဒယ်လ်ဂါဒို ပြည်နယ်၊ ဆေးရုံ။ အမျိုးသမီးတစ်ဦးနှင့် သူမ၏ကလေးသည် ICRC က ပြန်လည်ထူထောင်ပေးထားသည့် ဆေးရုံရှိ စင်္ကြံတွင် စောင့်ဆိုင်းနေစဉ်။

ဓါတ်ပုံ - BATA, FIDELTO



ကျန်းမာရေးစောင့်ရှောက်မှုရရှိခံယူနိုင်ခြင်းသည် အထူးအခွင့်အရေး တစ်ရပ် မဖြစ်စေရ။ စစ်ဖြစ်ပွားနေစဉ်မှာပင် လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ခွင့် ရှိပါသည်။

**ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ။**

တန်ဂျန်ရီကာပြည်နယ်ရှိ ICRC က ပံ့ပိုးထားသည့် မူလိုလ်ဝါ ကျန်းမာရေးဌာနတွင် လူပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ပံ့ပိုးပေးနေစဉ်။

ဓါတ်ပုံ - BATA, FIDELTO


COMITE INTERNATIONAL GENEVE
COMITE INTERNATIONAL GENEVE



ဒဏ်ရာရသူနှင့် ဖျားနာနေသူများကို ခွဲခြားမှုမပြုဘဲ ကုသမှုပေးရမည်။ အကယ်၍ ထိုသူများအကြား ခွဲခြားမှုကို ပြုလုပ်ခဲ့ပါက ထိုခွဲခြားမှုသည် ၎င်းတို့၏ ဆေးဘက်ဆိုင်ရာ အခြေအနေ သက်သက်ကိုသာ မူတည်၍ ခွဲခြားခြင်း ဖြစ်ရမည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ဆေးရုံများ ပျက်ဆီးသွားသည့်အခါ သို့မဟုတ် ဖျက်ဆီးခံရသည့်အခါ ဆုံးရှုံးမှုသည် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံပျက်စီးဆုံးရှုံးမှုထက်များစွာ ကျော်လွန်ပါသည်။ ဘေးကင်းသည့်နေရာများ ပျောက်ဆုံးခြင်း၊ ကျန်းမာရေးဆိုင်ရာ အခြေအနေများ ဆိုးရွားလာခြင်း နှင့် ကျန်းမာရေးအဖွဲ့အစည်းအပေါ်ထားရှိသည့် ယုံကြည်မှုလျော့ပါးစေခြင်းတို့ ဖြစ်ပေါ် လာနိုင်ပါသည်။

**ယူကရိန်း။**

အစ်ပင်န်၊ စစ်ဘက်ဆိုင်ရာဆေးရုံ။ ဆန်းစစ်လေ့လာခြင်းနှင့် ထောက်ပံ့ကူညီခြင်းခရီးစဉ်အတွင်း မြင်တွေ့ရသည့် ICRC အဖွဲ့ဝင် နှစ်ဦး။ ကြီးမားသည့် တိုက်ခိုက်မှုအတွင်း မြို့သည် စစ်မြေပြင် ဖြစ်ခဲ့သည်။ ဆေးရုံသည် လူသူကင်းမဲ့နေပြီး အကြီးအကျယ်ထိခိုက်ပျက်စီးသွားသည်။

ဓါတ်ပုံ - SYNENKO, ALYONA

# ICRC ၏ ကြားနေသော ကြားခံအဖြစ်ဆောင်ရွက်ခြင်းအခန်းကဏ္ဍ

ဂျီနီဗာသဘောတူညီချက်များတွင်ပါဝင်သည့် အမျိုးမျိုးသော သတ်မှတ်ပြဋ္ဌာန်းချက်များက လက်နက်ကိုင်ပဋိပက္ခအတွင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် ကြားနေသည့် ကြားခံဖြစ်သည်ဟူသည့် အခြေခံကျသည့် အခန်းကဏ္ဍကို မြဲမြံစေသည်။ ဤအခန်းကဏ္ဍကို ဂျီနီဗာသဘောတူညီချက် ၄ခု၏ အပိုဒ် ၉ တွင် ဖော်ပြထားသည့်အပြင် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များတွင်လည်း ဖော်ပြထားပြီး ၎င်းသည် နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခ (IAC) အချိန်များတွင် ခွဲခြားမှုမရှိသည့် အဖွဲ့အစည်းများသည် ကြားနေသည့် ကြားခံအဖြစ် ဆောင်ရွက်နိုင်သည်ဟု သက်မှတ်ပြဋ္ဌာန်းပေးထားပါသည်။ သဘောသဘာဝအားဖြင့် တူညီသည့် နိုင်ငံတကာမဟုတ်သည့် လက်နက်ကိုင်ပဋိပက္ခ (NIAC) တွင် ဤအခန်းကဏ္ဍကို ဂျီနီဗာသဘောတူညီချက် ၄ ခုလုံး၏ ဘုံသဘောတူညီချက် အပိုဒ် ၃ တွင် ဖော်ပြထားသည်။

ဘုံသဘောတူညီချက် အပိုဒ် ၃ သည် ICRC အား နိုင်ငံတွင်း ပဋိပက္ခများတွင် ကြားနေသည့် ကြားခံအဖြစ် ယင်း၏ ဝန်ဆောင်မှုများကို ကမ်းလှမ်းနိုင်သည့် အခွင့်အလမ်းကို ပေးအပ်ထားပါသည်။ "အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကဲ့သို့ ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းသည် ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များအား ယင်း၏ ဝန်ဆောင်မှုများကို ကမ်းလှမ်းနိုင်သည်။"

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် ယင်း၏ စတက်ကျူ ဥပဒေများက ပေးအပ်ခဲ့သည့် လုပ်ငန်းတာဝန်အရ ကြားနေသည့် ကြားခံအဖွဲ့အစည်းအဖြစ် ဆောင်ရွက်သည့် ICRC သည် အခြေခံမှုများကို မြဲမြံစေပါသည်။ ကြားနေပြီး လွတ်လပ်ကာ ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်သည် ICRC ၏ ဖြစ်တည်မှုတွင် အချက်အချာကျပါသည်။ ICRC သည် ယုံကြည်မှုနှင့် လက်ခံမှုကို ရရှိနိုင်ရန် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့အားလုံးနှင့်အတူ ပဋိပက္ခဒဏ်ကို ခံစားနေရသူများ အားလုံးနှင့်ပါ နှစ်ဦးနှစ်ဖက် တွေ့ဆုံ ဆွေးနွေးခြင်းအားဖြင့် ထိတွေ့ဆက်သွယ် ဆောင်ရွက်ပါသည်။ ဤဆောင်ရွက်ပုံနည်းလမ်းက ICRC အား ထိခိုက်ခံစားရသူများထံသို့ သွားရောက်နိုင်ရန် အခွင့်ပေးသည့်အပြင် ယင်း၏ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကိုလည်း သေချာစေပြီး ICRC အား ပဋိပက္ခဖြစ်ပွားရာတွင် ပါဝင်သည့် ဘက်အားလုံး၏ ရှေ့တန်းမျက်နှာပြင်တွင် ရှိသည့် လူပုဂ္ဂိုလ်များထံသို့ ရောက်ရှိနိုင်ရန် အခွင့်ပေးပါသည်။

ICRC ၏ ကြားနေခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းကို လွယ်ကူချောမွေ့စေသကဲ့သို့ လိုအပ်သူများအား အကာအကွယ်ပေးနိုင်စွမ်းနှင့် ထောက်ပံ့ကူညီနိုင်စွမ်းကိုလည်း မြှင့်တင်ပေးပါသည်။ ဤတွင် မကြာခဏဆိုသလို ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများထံသို့ ဝန်ဆောင်မှုများပေးအပ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့များနှင့် သွားရောက်နိုင်ခွင့်အား ညှိနှိုင်းဆွေးနွေး ပြောဆိုခြင်းတို့ ပါဝင်ပါသည်။

ICRC သည် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ဆွေးနွေးပြောဆိုပြီး ရှေ့တန်းမျက်နှာပြင်တခွင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် ကြားနေသည့် ကြားခံအဖြစ် ဆောင်ရွက်ပါသည်။ ဤဆောင်ရွက်မှုနည်းလမ်းတွင် ICRC သည် IHL အား လေးစားလိုက်နာလာရန် တာဝန်ရှိသူများအားလုံးနှင့် ဆွေးနွေးပြောဆိုရမည်ဖြစ်ပြီး ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများကို အကာအကွယ်ပေးရမည်ဖြစ်ကာ ပဋိပက္ခနှင့်အကြမ်းဖက်မှုတွင်ပါဝင်သည့် အဖွဲ့များအားလုံး၏ သဘောတူညီချက်နှင့် ဆောင်ရွက်ရမည်ဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) က ကွဲပြားခြားနားမှုတွေကို သဘောတူညီမှုရရှိစေပြီး နှစ်ဦးနှစ်ဖက်ကွဲပြားနေရာကနေ ငြိမ်းချမ်းရေးကို ရောက်ရှိစေဖို့ လမ်းခင်းပေးပါတယ်။ သင့်နိုင်ငံအစိုးရတွေက အစပြုပြီး လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံအချင်းချင်းအကြား သဘောတူခဲ့တဲ့ ဒီဥပဒေတွေက ကန့်သတ်ချက်တွေထားရှိဖို့ တောင်းဆိုနေပါတယ်။ ဂျီနီဗာသဘောတူညီချက်တွေအရ သင့်ရန်သူကိုတောင် လူသားဆန်စွာ ဆက်ဆံရမှာဖြစ်ပါတယ်။ IHL က အရောင်းအဝယ်လုပ်နေတာ မဟုတ်ပါဘူး။"

**ကုလသမဂ္ဂ လုံခြုံရေးကောင်စီ။**

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၅ရက်၊ နယူးယောက်။

ဓါတ်ပုံ - Manuel Elias

ဓါတ်ပုံမှတ်တမ်း - UN Photo




PRESIDENT
INTERNATIONAL COMMITTEE OF THE RED CROSS

အရပ်ဘက်ထိန်းသိမ်းခြင်းကို ထိန်းသိမ်းထားရန်အကြောင်းပြချက် မရှိတော့သည်နှင့်တပြိုင်နက် ဖြေလွှတ်ပေးရမည်။ မည်သည့် ဖြစ်စဉ်တွင်မဆို တိုက်ခိုက်မှုများ ပြီးဆုံးသည်နှင့် ဖြစ်နိုင်သမျှအမြန်ဆုံး ဤဖြေလွှတ်ခြင်းကိစ္စကို ဆောင်ရွက်ရမည်။

**ကိုလံဘီယာ။**

ကိုလံဘီယာရှိ လက်နက်ကိုင်အုပ်စုတစ်ခုတွင် ထိန်းသိမ်းခံထားရသည့် အရပ်သားတစ်ဦး လွတ်မြောက်လာစဉ်။ ICRC အား ကြားနေသည့် ကြားခံအဖွဲ့အစည်းတစ်ခုအနေဖြင့် ဘေးကင်းလုံခြုံစွာ လွှဲပြောင်းနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန် တောင်းဆိုခဲ့ပါသည်။

ဓါတ်ပုံ - MONTERO, Y.S.






ဂျီနီဗာသဘောတူညီချက်များအရ ကြားနေသည့် ကြားခံအဖြစ်ဆောင်ရွက်သူသည် တိုက်ခိုက်မှုများ ဖြစ်ပွားနေသည့်နေရာများမှ အရပ်သား သို့မဟုတ် ဒဏ်ရာရရှိထားသည့် လူပုဂ္ဂိုလ်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင် ပံ့ပိုးကူညီပေးနိုင်ပါသည်။

**ဝက်စ်ဘန့်ခ်၊ အစ္စရေးထိန်းချုပ်ထားရာ နယ်မြေများ။**

ဟေဗြုန်။ အမျိုးသားတစ်ဦးအား ကတ်ဇီးရော့တ် အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည့် သူ၏သားနှင့် တွေ့ဆုံနိုင်ရန် လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးနေစဉ်။ ICRC သည် အပြင်းအထန်ဖျားနာနေသည့် အမျိုးသားအတွက် ပါလက်စတိုင်းလခြမ်းနီအသင်း လူနာတင်ယာဉ်နှင့် အစ္စရေးလူနာတင်ယာဉ်တို့အကြား အထူးလွှဲပြောင်းမှုတစ်ခုကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ဆေးဘက်ဆိုင်ရာအကူတစ်ဦးက ထိုအမျိုးသားအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပံ့ပိုးရန် သူ၏ခရီးစဉ်တွင် အတူလိုက်ပါခဲ့ပါသည်။

ဓါတ်ပုံ - SYNENKO, ALYONA



နိုင်ငံအစိုးရများသည် လက်နက်ကိုင်တပ်ဖွဲ့များတွင်ပါဝင်သည့် အဖွဲ့ဝင်များအား ၎င်းတို့လိုက်နာကျင့်သုံးရမည့် IHL ဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိကြောင်းသေချာစေရမည်။

IHL ဆိုင်ရာ လေ့ကျင့်သင်တန်းများကို လက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့ဝင်များ၊ လက်နက်ကိုင်အုပ်စုများနှင့် အခြားလက်နက်ကိုင်ဆောင်သူများအပါအဝင်နှင့် ထိုသူများသာမက အမျိုးမျိုးသောအဖွဲ့များအား ပေးအပ်လျက်ရှိပါသည်။ ဤသင်တန်းများက IHL တွင်ပါဝင်သည့် စည်းမျဉ်းများနှင့် မူများဆိုင်ရာ ဗဟုသုတများ၊ နားလည်မှုများ၊ ကျင့်သုံးမှုများနှင့် ထိန်းသိမ်းလိုက်နာမှုကို ပိုမိုဖွံ့ဖြိုးလာစေပြီး ပိုမိုသိရှိလာစေပါသည်။

**တောင်ဆူဒန်။**

ICRC ကိုယ်စားလှယ်နှစ်ဦးသည် တောင်ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့များ (IPLA) ၏ အဖွဲ့ဝင်များနှင့်အတူ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ဆိုင်ရာ စည်းမျဉ်းများကို ဆွေးနွေးနေစဉ်။

ဓါတ်ပုံ - ROMENZI, Alessio

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအား ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းထားရန် အကြောင်းပြချက်များ ကုန်ဆုံးသည်နှင့် တပြိုင်နက် ထွက်ခွာသွားနိုင်ရန် လွတ်မြောက်ခွင့်ပေးရမည်။

နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခတွင် စစ်သုံ့ပန်းများကို စစ်မက်ပြုရာတွင် တိုက်ရိုက်ပါဝင်နေခြင်းကြောင့် တရားစွဲဆိုခြင်း မပြုနိုင်ပါ။ ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းထားရခြင်း၏ ရည်ရွယ်ချက်မှာ ပဋိပက္ခတွင် ထပ်မံပါဝင်ခြင်းမှ တားဆီးကာကွယ်ရန်အတွက်သာဖြစ်သည်။ အပြစ်ပေးရန် မဟုတ်ပါ။ ၎င်းတို့ကို စစ်မက်ပြီးဆုံးသည့်အချိန်ကို နောက်ဆုံးထားကာ နှောင့်နှေးမှုမရှိဘဲ လွတ်မြောက်ခွင့်ပေးကာ သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးရမည်။

**ဆော်ဒီအာရေဗျ။ ရီမင်။**

စန၊ လေဆိပ်။ ရီမင်တွင် ပဋိပက္ခနှင့် ဆက်စပ်၍ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူများသည် ICRC ၏ ကြားနေ၍ကြားခံအဖြစ်ဆောင်ရွက်ခြင်း အခန်းကဏ္ဍ၏ ပံ့ပိုးကူညီမှုအားဖြင့် လွတ်မြောက်လာပြီးနောက် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာစဉ်။

ဓါတ်ပုံ - AL-EKAM, SAFWAN



ICRC